မြန်မာ ကောဇာသက္ကရာဇ် ၁၃၈၄-ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်၊
(၁၁-၆-၂၀၂၂) စနေနေ့
အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်ဆစ္စကို ဗေးဧရိယာမှာရှိတဲ့
ထေရဝါဒဓမ္မအသင်းက ဆင်ယင်ကျင်းပသော အပတ်စဉ် ဓမ္မသင်တန်း
*********
ဗုဒ္ဓခေတ် တစ်မိုးအောက်တစ်ယောက်ပုဂ္ဂိုလ်ကျော်များ
(တေဒဂ်ရပုဂ္ဂိုလ်ကျော်များ)
ကြိုးစားအားထုတ်တဲ့အရာ အသာဆုံး
အာရဒ္ဓဝီရိယ တေဒဂ်ရ

**ဗဟုပုတ္တိကာ သောဏာ ထေရီ**

(သင်တန်းမှတ်စု အကျဉ်း)

**"မယွင်းမှန်လှ၊ ဤလောကဦ၊ မိဘကိုပင်၊ ဥစ္စာမြင်မှ၊ ခင်မင်မြတ်လေး၊ သားတို့ မွေး၏။ ပဲခွေးမရှိ၊ မိဘတို့အား၊ သမီးသားလည်း၊ ထံပါးနီးရပ်၊ မကပ်တုံလျှင်း၊ ရှောင်ကြကွင်း၏"**

(မာန်လည်ဆရာတော်၏ မဃဒေဝလင်္ကာမှ)

(က) အတိတ်ဘဝပါရမီ

ပဒုမုတ္တရာ မြတ်စွာဘုရားထက်ထက်မှာ ကုသိုလ်ကောင်းမှုပြုပြီး ဆုပန်ခဲ့။

(ခ) ပစ္စုပ္ပန်ဘဝ

- ယခု နောက်ဆုံးဘဝမှာ သာဝတ္ထိပြည်မှာ သူဌေးသမီး ဖြစ်ခဲ့။ အရွယ်ရောက်တဲ့အခါ အိမ်ထောင်ကျ ပြီး သား၊ သမီး ၁၀-ယောက်ထွန်းကား။ အမည်ရင်းက "သောဏာ"၊ သားသမီးတွေများလို့ "ဗဟုပုတ္တိကာ"လို့ ဂုဏ်ထူးတင်ပြီး "ဗဟုပုတ္တိကာ သောဏာ"လို့ အမည်တွင်ခဲ့။

- ခင်ပွန်းကွယ်လွန်ပြီးနောက်၊ သားသမီးတွေရဲ့ ပူဆာမှုကြောင့် သားသမီးတွေကို အမွေတွေ အကုန်လုံး ခွဲဝေပေးခဲ့။ သားကြီးအိမ်မှာနေ။ ၃, ၄ ရက်လောက်ကြာတဲ့အခါ ချွေးမရဲ့ ပြုံငြင်မှုခံရ၊ နောက်သားတစ်ယောက် အိမ်ပြောင်းနေ။ အဲဒီအိမ်မှာလည်း အလားတူ ဖြစ်ခဲ့။ နောက်ဆုံး ဘယ် သား၊ သမီးအိမ် သွားနေနေ အားလုံးရဲ့ မကြည်ဖြူဘဲ ပြုံစူမှုကို ခံရ။

- နောက်ဆုံး သံဝေဂဖြစ်ပြီး ဘိက္ခုနီမ အဖြစ်ခံယူ။ ရဟန်းမ ဘဝရောက်ပြန်တော့လည်း အသက်ကြီးမှ ရဟန်းပြုတာမို့ စာမတတ်, ပေမတတ်၊ ဝိနည်းမကျွမ်းကျင်တာကြောင့် ရဟန်းမ အငယ်တွေရဲ့ ပြစ်ဒဏ်ပေးတာ၊ ဆူပူခံရတာ ကြုံရ။

- ပိုပြီး သံဝေဂဉာဏ်တွေ ရခဲ့။ ဒါကြောင့် တရားကို မအိပ်မနေ ကြိုးစားအားထုတ်ခဲ့။

- အထူးသဖြင့် ညပိုင်းတွေမှာ ကျောင်းတိုင်ကို ပတ်ပြီး စင်္ကြံကမ္မဋ္ဌာန်း မပြတ်ရှုမှတ်။

**သောဏာထေရီ ရဟန္တာဖြစ်**

တစ်နေ့မှာတော့ ဘိက္ခုနီမတွေဟာ ဆုံးမသြဝါဒခံယူဖို့အတွက် ဇေတဝန်ကျောင်းတော်ကို သွားကြတယ်။ ဒီအခါ ဘိက္ခုနီမတွေက သောဏာထေရီမကြီးကို "အို ရှင်မသောဏာ... ဘိက္ခုနီသံဃာအတွက် ရေနွေးအိုး တည်ထားပါ"လို့ မှာပြီး ကျောင်းမှာချန်ထားခဲ့ကြတယ်။ သောဏာ ထေရီမကြီးလည်း ရေနွေးအိုး မတည်ခင် မီးတင်းကုတ်အနီးဝန်းကျင်မှာ စင်္ကြံလျှောက်ရင်း (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်းကို ရွတ်အံသရဇ္ဈာယ်ပြီး ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပွားများနေခဲ့ပါတယ်။

ဒီအခါ မြတ်စွာဘုရားရှင်ဟာ ဇေတဝန်ကျောင်းတိုက်က ဂန္ဓကုဋီတိုက်တော်ထဲမှာ ထိုင်နေတော်မူရာကနေ ရောင်ခြည်တော်လွှတ်ပြီး အားပေးရင်း ဖော်ပြပါ အဓိပ္ပါယ်ရတဲ့ ဂါထာနဲ့ တရားဟောတော်မူခဲ့ပါတယ်---

**"ချစ်သမီး သောဏာ... လောကုတ္တရာတရားကိုးပါးကို မသိမမြင်ဘဲ အနှစ်တစ်ရာကာလပတ်လုံး အသက်ရှည်ရှည် နေရသူထက်, လောကုတ္တရာတရား ကိုးပါးကို သိမြင်ပြီး တစ်ရက်ပဲ အသက်ရှင်နေရသူက ပိုပြီး မြင့်မြတ်ပါပေတယ်"**

ဒီတရားဂါထာ အဆုံးမှာပဲ သောဏာထေရီမဟာ အရဟတ္တဖိုလ်အထိ ရခဲ့ပြီး ကိလေသာအာသဝေါတွေ ကုန်ခမ်းတဲ့ ရဟန္တာဖြစ်ခဲ့ပါတယ်။

(ဂ) အာရဒ္ဓဝီရိယ တေဒဂ်နဲ့ ချီးမြှောက်ခံရ

- နောက်ပိုင်းမှာ အခြားဘိက္ခုနီမတွေဟာ သောဏာထေရီမကြီးကို ရဟန္တာဖြစ်မှန်းသိပြီး တောင်းပန်ကြ

- မြတ်စွာဘုရားက သောဏာထေရီမကို အပြင်အထန် တရားကြိုးစား အားထုတ်တဲ့အရာ အသာဆုံး အာရဒ္ဓဝီရိယ တေဒဂ်နဲ့ ချီးမြှောက်တော်မူခဲ့။

အရှင်နေမိန္ဒာဘိဝံသ
(၇-၆-၂၀၂၂)